# CAO ဆန်းစစ်ချက် အစီရင်ခံစာ

# မြန်မာ့သြဘာအုပ်စုကုမ္ပဏီလီမိတက်တွင် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ပထမတိုင်ကြားချက်

**(IFC စီမံကိန်း #35880)**

**မြန်မာနိုင်ငံ**

ဇွန်လ ၂၀၁၈

ကမ္ဘာ့ဘဏ်အုပ်စု အဖွဲ့ဝင်များဖြစ်သော
နိုင်ငံတကာဘဏ္ဍာရေး ကော်ပိုရေးရှင်းနှင့်
ဘက်စုံရင်းနှီးမြှုပ်နှံမှု အာမခံအေဂျင်စီ
*တို့အတွက်*
စည်းကမ်းလိုက်နာမှုဆိုင်ရာ အကြံပေးနှင့် တိုင်ကြားရေး အရာရှိရုံး
www.cao-ombudsman.org

## CAO အကြောင်းသိကောင်းစရာ

စည်းကမ်းလိုက်နာမှုဆိုင်ရာ အကြံပေးနှင့် တိုင်ကြားရေး အရာရှိရုံး ခေါ် CAO (Compliance Advisor Ombudsman) သည် ကမ္ဘာ့ဘဏ်အုပ်စု၏ ပုဂ္ဂလိက ကဏ္ဍခွဲများဖြစ်သော အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း ခေါ် IFC (International Finance Corporation)နှင့် ဘက်စုံရင်းနှီးမြှုပ်နှံမှု အာမခံအေဂျင်စီ ခေါ် MIGA (Multilateral Investment Guarantee Agency) တို့၏ လွတ်လပ်၍ အမှီအခိုကင်းသော တာဝန်ခံမှု ယန္တရားဖြစ်ပါသည်။ စီအေအိုသည် ကမ္ဘာ့ဘဏ်အုပ်စု၏ ဥက္ကဋ္ဌထံသို့ တိုက်ရိုက်အစီရင်ခံရပြီး ယင်း၏တာဝန်မှာ IFC/MIGA စီမံကိန်းများကြောင့် ခံစားနေရသည့် ပြည်သူများ၏ တိုင်ကြားချက်များကို မျှတသော၊ ဘက်မလိုက်ပဲ အပြုသဘောဆောင်သော နည်းလမ်းပုံစံဖြင့် ကိုင်တွယ်ဖြေရှင်းရာတွင် ကူညီပေးရန်နှင့် စီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရလဒ်များကို ပိုမိုကောင်းမွန်စေရန် ဖြစ်ပါသည်။

စီအေအိုအကြောင်း သတင်းအချက်အလက် ပိုမိုရရှိလိုပါက www.cao-ombudsman.org တွင် လေ့လာနိုင်ပါသည်။

မာတိကာ


အညွှန်း ........................................................................................................ iv

၁။ အကျဉ်းချုပ် သုံးသပ်ချက် ........................................................................ ၁

၂။ နောက်ခံအကြောင်းအရာ .......................................................................... ၁

၂.၁။ စီမံကိန်း ........................................................................................ ၁

၂.၂။ တိုင်ကြားချက် ................................................................................ ၂

၃။ ဆန်းစစ်ချက် အနှစ်ချုပ် .......................................................................... ၂

၃.၁။ နည်းစနစ် ...................................................................................... ၂

၃.၂။ ပြဿနာများ အနှစ်ချုပ် တင်ပြခြင်း ............................................................ ၃

၄။ ရှေ့လုပ်ငန်းစဉ်များ ................................................................................ ၁၁

နောက်ဆက်တွဲ (က) တိုင်ကြားချက် ကိုင်တွယ်ရေး လုပ်ငန်းစဉ် ........................................ ၁၃

# အညွှန်း

| | |
|---|---|
| CAO | Office of the Compliance Advisor Ombudsman<br>စည်းကမ်းလိုက်နာရေးဆိုင်ရာ အကြံပေးနှင့် တိုင်ကြားရေး အရာရှိရုံး |
| HAIC | Hmawbi Agricultural Inputs Complex<br>မှော်ဘီ စိုက်ပျိုးရေး သွင်းအားစု စက်ရုံများ |
| IFC | International Finance Corporation<br>အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း |
| MIGA | Multilateral Investment Guarantee Agency<br>ဘက်စုံရင်းနှီးမြှုပ်နှံမှု အာမခံအေဂျင်စီ |

## ၁. အကျဉ်းချုပ် သုံးသပ်ချက်

၂၀၁၇ခုနှစ်၊ အောက်တိုဘာလတွင် CAOသည် ဒေသခံတစ်ဦးထံမှ မိမိကိုယ်တိုင်နှင့် ဒေသခံ [redacted] (နောက်ပိုင်းတွင် "တိုင်ကြားသူများ"ဟု ညွှန်းဆိုသုံးစွဲပါမည်)ကိုယ်စား မြန်မာနိုင်ငံ၊ [redacted] စိုက်ပျိုးဓာတုပစ္စည်းစက်ရုံသစ်တစ်ရုံ တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ တိုင်ကြားချက်တစ်ခုကို လက်ခံရရှိခဲ့ပါသည်။ ဤစက်ရုံကို အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း(IFC)နှင့် အလုပ်လုပ်နေသူ တစ်ဦး ဖြစ်သော၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား ဆောင်ရွက်နေသော မြန်မာ့သြဘာအုပ်စုကုမ္ပဏီလီမိတက် (နောက်ပိုင်းတွင် "ကုမ္ပဏီ"ဟု ညွှန်းဆိုသုံးစွဲပါမည်)မှ တည်ဆောက်နေခြင်းဖြစ်ပါသည်။ တိုင်ကြားချက်တွင် ဤစီမံကိန်းကြောင့် ဒေသခံပြည်သူများအပေါ် (၁) ရေထု ညစ်ညမ်းခြင်း၊ (၂) အနံ့ဆိုးများကြောင့် လေထု ညစ်ညမ်းခြင်း၊ (၃) လူထုနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးမှု နည်းပါးခြင်း (သို့မဟုတ်) မရှိခြင်းနှင့် (၄) ကျန်းမာရေး သက်ရောက်မှုများနှင့် စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုများကို ထည့်သွင်း ဖော်ပြထားသည်။ တိုင်ကြားချက်တွင် ကမ္ဘာ့ဘဏ်၏ မူဝါဒများနှင့် လမ်းညွှန်ချက်များကို လိုက်နာမှုအပေါ် စိုးရိမ်မှုများရှိကြောင်း ဖော်ပြထားပါသည်။ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပေးပို့ခဲ့သော ထပ်တိုးတိုင်ကြားလွှာတစ်စောင်သည်လည်း စက်ရုံတည်ဆောက်ခြင်းကြောင့် ကျေးရွာလူထုသုံး လမ်းများ ပိတ်ဆို့မှုနှင့် အလုပ်သမား အခွင့်အရေး ချိုးဖောက်မှုများနှင့် ဒေသန္တရ သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် ပတ်သက်သော စိုးရိမ်မှုများကို ရေးသားထားပါသည်။ CAOသည် ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလတွင် ဤတိုင်ကြားချက်ကို အကျုံးဝင်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ဆန်းစစ်ချက်ကာလအတွင်းတွင် CAOမှ ပံ့ပိုးကူညီပေးသည့် ဆွေးနွေးပွဲဖြစ်စဉ် (CAO facilitated dialogue process)မှတဆင့် တိုင်ကြားချက်တွင်ပါဝင်သည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် လိုလားကြောင်း တိုင်ကြားသူများနှင့် ကုမ္ပဏီတို့မှ ပြောကြားခဲ့ပါသည်။

## ၂။ နောက်ခံအကြောင်းအရာ

### ၂.၁။ စီမံကိန်း

IFCတွင် မြန်မာနိုင်ငံမှ မြန်မာသြဘာအုပ်စုကုမ္ပဏီလီမိတက် (#35880)ဖြင့် "ခ" အမျိုးအစား ဆောင်ရွက်ဆဲ စီမံကိန်း (category B project)တစ်ခု ရှိနေပါသည်။ IFC၏အဆိုအရ ၎င်း၏ ရင်းနှီးမြှုပ်နှံမှုသည် အစိုးရ တည်ဆောက်ထားခဲ့သည့် လက်ရှိ သီးနှံကာကွယ်ရေးစက်ရုံ (မြန်မာ့ပိုးသတ်ဆေးစက်ရုံ Myanmar Pesticide Industry – MPI)နှင့် ကပ်လျက် စက်မှုဇုန်တစ်ခုအတွင်း စိုက်ပျိုးရေးသုံး ဓာတုဆေးဝါးဖော်စပ်ရေး စက်ရုံသစ်တစ်ရုံ တည်ဆောက်ခြင်းအပါအဝင် ကုမ္ပဏီ၏ ပင်မလုပ်ငန်း တိုးချဲ့ရန် ပံ့ပိုးကူညီပေးပါသည်။ ဤသို့ဆိုရာတွင် ထပ်တိုး ကုန်လှောင်ရုံဖြင့် သိုလှောင်ရန် အဆောက်အဦများနှင့် ဓာတ်မြေသြဇာ ဖြန့်ချီရေးစခန်းများ၊ စက်ပစ္စည်းများ (ပူး၊ ပုလင်းထဲသို့ ထည့်ခြင်းနှင့် ထုတ်ပိုးခြင်းဆိုင်ရာ စက်များ)နှင့် လုပ်ငန်းလည်ပတ်ရန် ငွေလုံးငွေရင်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပါဝင်သည်။ စီမံကိန်းတစ်ခုလုံးကို အမေရိကန် ဒေါ်လာ သန်း၄၀ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပြီး၊ လက်ရှိ IFC ရင်းနှီးမြှုပ်နှံမှုမှာ လွှဲပြောင်းနိုင်သည့် C-Loan ခေါ် "ဂ" အမျိုးအစား ချေးငွေ အမေရိကန် ဒေါ်လာ ၁၀သန်း ဖြစ်ပါသည်။

IFC မှ ပြောကြားချက်အရ ကုမ္ပဏီ၏ စက်ရုံအသစ် (မှော်ဘီ စိုက်ပျိုးရေး သွင်းအားစု စက်ရုံ ခေါ် Hmawbi Agricultural Inputs Complex - HAIC)ကို ၂၀၂၀ခုနှစ်အထိ အဆင့်သုံးဆင့်ဖြင့် တည်ဆောက်မည်။ HAIC၏ ပထမအဆင့်မှာ သီးနှံ ကာကွယ်ပေးမည့် ထုတ်ကုန်များအတွက် နောက်ဆုံးပေါ် ခေတ်မီ ဓာတုဆေးဝါး ဖော်စပ်ရေး စက်ရုံတစ်ရုံ တည်ဆောက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့၏ မြောက်ဘက် ကီလိုမီတာ ၃၀တွင်ရှိသော မှော်ဘီမြို့နယ်အနီးတွင် တည်ရှိပါသည်။

## ၂.၂။ တိုင်ကြားချက်

ဒေသခံပုဂ္ဂိုလ်တစ်ဦးမှ မိမိကိုယ်စားနှင့် မြန်မာ့ဩဘာစိုက်ပျိုးရေး ဓာတုဆေးဝါးစက်ရုံ အနီးအနားရှိ [redacted] ဒေသခံအုပ်စုတို့၏ ကိုယ်စား တိုင်ကြားချက်ကို CAOသို့ ပေးပို့ခဲ့ပါသည်။ တိုင်ကြားချက်တွင် (၁) ချောင်းများ၊ အဝီစိတွင်းများ၊ မြေအောက်ရေ အရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ဒေသများသို့ သောက်သုံးနိုင်သောရေ ပေးဝေးနေသော ဖူးကြီး ရေကာတာတို့ ပါဝင်သည့် ဒေသန္တရ ရေရင်းမြစ်များ၏ အရည်အသွေးအပေါ် ရေထုညစ်ညမ်းခြင်းနှင့် စီမံကိန်း၏ သက်ရောက်မှုနှင့် စပ်လျဉ်းသော စိုးရိမ်စိတ်များ ပါဝင်သည်။ တိုင်ကြားချက်တွင် (၂) အနံ့ဆိုးများဖြင့် လေထု ညစ်ညမ်းခြင်း၊ (၃) စက်ရုံ မဆောက်ခင်နှင့် တည်ဆောက်နေစဉ် ဒေသခံ ရပ်ရွာလူထုများနှင့် တိုင်ပင်ဆွေးနွေးမှု နည်းပါးခြင်း နှင့်/ (သို့မဟုတ်) မရှိခြင်း၊ နှင့် (၄) ကျန်းမာရေး သက်ရောက်မှုများနှင့် စပ်လျဉ်းသော စိုးရိမ်မှုများလည်း ပါဝင်သည်။ တိုင်ကြားချက်တွင် စီမံကိန်း၏ လုပ်ပိုင်ခွင့်ပါမစ် ချပေးသော လုပ်ငန်းစဉ်နှင့် ကမ္ဘာ့ဘဏ် မူဝါဒများနှင့် လမ်းညွှန်ချက်များ လိုက်နာမှုတို့နှင့် စပ်လျဉ်းသော စိုးရိမ်မှုများကိုပါ ထည့်သွင်းဖော်ပြထားပါသည်။

၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် CAOသည် တိုင်ကြားသူများထံမှ လက်မှတ်ရေးထိုးထားသူ ၂၃၀ ပါဝင်သော ထပ်ပေါင်းတိုင်ကြားလွှာကို လက်ခံရရှိခဲ့ပါသည်။ ဤထပ်ပေါင်းတိုင်ကြားလွှာတွင် မူလ တိုင်ကြားချက်တွင် ဖော်ပြထားသော ပြဿနာများ/သက်ရောက်မှုများကို အကျယ်ချဲ့ ဆွေးနွေးထားရာ စက်ရုံတည်ဆောက်ခြင်းကြောင့် ဒေသခံရပ်ရွာသုံးလမ်းများ ပိတ်ဆို့မှုပါ ထည့်သွင်းရေးသားထားသည်။ ထိုသို့ဖြစ်ခြင်းကြောင့် ကျေးရွာများအကြား သွားလာလှုပ်ရှားမှု အဟန့်အတားဖြစ်စေကြောင်း၊ စိုက်ပျိုးရေးသုံး စက်ပစ္စည်းများနှင့် စိုက်ပျိုးကုန်များကို ဒေသခံ စိုက်ပျိုးခြံများမှ/သို့ သယ်ပို့ခြင်းပါ ကန့်သတ်ခဲ့ကြောင်း၊ အလုပ်သမား အခွင့်အရေး ချိုးဖောက်မှုများနှင့် ဒေသန္တ ဂေဟစနစ်အပေါ် သက်ရောက်မှုများ ရှိကြောင်း တိုင်ကြားကြပါသည်။ ထပ်ပေါင်းတိုင်ကြားလွှာတွင် တိုင်ကြားသူများသည် ရွာပေါင်း [redacted] ရွာမှဖြစ်၍ အိမ်ထောင်စုပေါင်း ၃,၆၅၁စုဖြစ်ပြီး [redacted] လူဦးရေ စုစုပေါင်း ၁၇,၂၃၈ ဦးကို ကိုယ်စားပြုကြောင်း သိရှိရပါသည်။

# ၃။ ဆန်းစစ်မှု အနှစ်ချုပ်

## ၃.၁။ နည်းစနစ်

CAOဆန်းစစ်ချက်၏ ရည်ရွယ်ချက်မှာ တိုင်ကြားချက်၏ အရည်အသွေးအပေါ် မှန်သည်-မှားသည်ဟု တစ်စုံတစ်ရာ မဆုံးဖြတ်ဘဲ ကွဲပြားခြားနားသော အကျိုးသက်ဆိုင်သူများထံမှ သတင်း အချက်အလက်များနှင့် အမြင်များကို စုစည်းခြင်းအားဖြင့် တိုင်ကြားသူများမှ ပြောလာသည့် ပြဿနာများနှင့် စိုးရိမ်မှုများကို ရှင်းလင်း၊ နားလည်စေရန် ဖြစ်ပါသည်။ ဆန်းစစ်ချက်သည် တိုင်ကြားသူများနှင့်

ကုမ္ပဏီတို့အနေဖြင့် CAOမှ အဆင်ပြေချောမွေ့အောင် ပံပိုးကူညီပေးမည့် အငြင်းပွားမှုဖြေရှင်းသည့် လုပ်ငန်းစဉ်တစ်ခုကို ဆက်လက်၍ လုပ်လိုစိတ် ရှိ/မရှိ သို့မဟုတ် IFC စံသတ်မှတ်ချက်များကို လိုက်နာမှုကို အကဲဖြတ်သုံးသပ်သည့် CAO၏ စည်းကမ်းလိုက်နာရေးအဖွဲ့ဘက်မှ တိုင်ကြားချက်ကို ကိုင်တွယ်သင့်၊ မသင့် ဆုံးဖြတ်ရန်လည်း ဆောင်ရွက်ပါသည်။ (CAO၏ တိုင်ကြားချက် ကိုင်တွယ်ရေး လုပ်ငန်းစဉ်ကို နောက်ဆက်တွဲ(က)တွင် လေ့လာပါ။)

ဤဖြစ်စဉ်၌ CAO ၏ တိုင်ကြားမှု ဆန်းစစ်ချက်တွင် အောက်ပါတို့ ပါဝင်သည်။

- စီမံကိန်း စာရွက်စာတမ်းများကို ရုံးတွင်း ပြန်လည် သုံးသပ်ခြင်းသာမက တိုင်ကြားသူများမှ တိုင်ကြားချက်ကို အထောက်အကူဖြစ်စေရန် တင်ပြလာသည့် စာရွက်စာတမ်းများကိုပါ ရုံးတွင်း ပြန်လည် သုံးသပ်ခြင်း။
- တိုင်ကြားသူများ၊ IFC စီမံကိန်းအဖွဲ့၊ ကုမ္ပဏီတို့ထံ သွားရောက်တွေ့ဆုံခြင်းနှင့် ဆွေးနွေးခြင်း၊
- စုစုပေါင်း ရွာ[redacted]ရွာသို့ ကွင်းဆင်းလေ့လာခြင်း။

## ၃.၂။ ပြဿနာများကို အနှစ်ချုပ် တင်ပြခြင်း

အစီရင်ခံစာ၏ ယခုအပိုင်းတွင် တိုင်ကြားလာသည့် ပြဿနာများအပေါ် CAOသည် မှန်မှားဆိုးကောင်း ဆုံးဖြတ်ခြင်း မပါဘဲ ဆန်းစစ်ချက်ကာလအတွင်း CAOသို့ တိုင်ကြားချက်နှင့် စပ်လျဉ်း၍ တင်ပြခဲ့သည့် ဆက်စပ်နေသော ပြဿနာများအားလုံးကို အနှစ်ချုပ်၍ ဖော်ပြထားပါသည်။

### *တိုင်ကြားသူများ၏ ရှုထောင့်*

ဆန်းစစ်ချက် ကာလအတွင်းတွင် CAOသည် တိုင်ကြားသူများမှ ပံ့ပိုးပေးသည့် စာရွက်စာတမ်း အချက်အလက်များကို သုံးသပ်ခြင်းနှင့် စီမံကိန်း သက်ရောက်မှုရှိသည့် ဒေသအတွင်းသို့ ကွင်းဆင်းလေ့လာမှုများကို ဆောင်ရွက်ခြင်းတို့ဖြင့် တိုင်ကြားချက်တွင် ထည့်သွင်းပြောကြားထားသည့် ပြဿနာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို စုစည်းခဲ့ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် - [redacted]ဟူ၍ စုစုပေါင်း ရွာ[redacted]ရွာ ပါဝင်သည်။ တိုင်ကြားသူများ၏ ပြောကြားချက်အရ ဤကျေးရွာများတွင် အိမ်ထောင်စုပေါင်း ၃,၆၅၁စုရှိပြီး [redacted] စုစုပေါင်း နေထိုင်သူ ၁၇,၂၃၈ဦး ရှိသည်။ တိုင်ကြားသူများသည် ဤကျေးရွာများသည် စက်ရုံသစ်၏ [redacted]ဝန်းကျင်အတွင်း ရှိကြောင်း ပြောကြားခဲ့ကြပါသည်။

တိုင်ကြားသူများက ၎င်းတို့ဒေသအတွင်း ရှိသော ပိုးသတ်ဆေးစက်ရုံသည် မူလက နိုင်ငံပိုင်စက်ရုံတစ်ခု ဖြစ်ကြောင်း နားလည်သဘောပေါက်ကြပါသည်။ စက်ရုံကို ၁၉၈၂ခုနှစ်တွင် တည်ဆောက်ကာ အစိုးရမှ လည်ပတ်ခဲ့ကြောင်း ယူဆခဲ့ကြသည်။ ၁၉၈၈ခုနှစ်တွင် နိုင်ငံရေးအုံကြွမှုများကြောင့် စက်ရုံသည် လည်ပတ်မှု ရပ်တန့်ခဲ့ပြီး ၁၉၉၂ခုနှစ်တွင် ပြန်လည်စတင်ကာ ဆက်တိုက် လည်ပတ်ခဲ့ပြီး ကုန်ကြမ်း ပြတ်တောက်သည့် ၂၀၀၅ခုနှစ်တွင် ရပ်ဆိုင်းခဲ့ကြောင်း ပြောကြားသည်။ ၂၀၀၇ခုနှစ်နောက်ပိုင်းတွင် စက်ရုံကို ပုဂ္ဂလိကသို့ လွှဲပြောင်းခဲ့ပြီး သြဘာအုပ်စုမှ စတင်ပါဝင်လာခဲ့ကြောင်း သိရှိကြသည်။ ထို့နောက် သြဘာအုပ်စုသည်

စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုများကို တိုးချဲ့ရန်နှင့် မူလ အစိုးရစက်ရုံဟောင်း၏ အနီးတွင် ပို၍ကြီးမားသည့် စက်ရုံတစ်ခုကို တည်ဆောက်ရန် ဆုံးဖြတ်ခဲ့သည်။ စက်ရုံသစ်တစ်ခု တည်ဆောက်ခြင်းကို IFCအဖွဲ့မှ ငွေကြေးထောက်ပံ့ပေးနေသည်။ တိုင်ကြားသူများသည် စက်ရုံအသစ်သည် လိုင်စင်မရှိဘဲ လည်ပတ်နေသည်ဟု ယုံကြည်ကြပြီး ကုမ္ပဏီဘက်မှ ထိုအချက်ကို ငြင်းဆိုသည်ဟု ဆိုပါသည်။

ဆန်းစစ်ချက်ကာလအတွင်း တိုင်ကြားသူများမှ ပြောကြားခဲ့သည့် ပြဿနာများကို ကဏ္ဍကြီး၆ခုခွဲ၍ ကြည့်နိုင်ပါသည် -

*(က) အမှန်တကယ်နှင့် အလားအလာရှိသော ရေထုညစ်ညမ်းမှု*

တိုင်ကြားသူများမှနေ၍ Environmental Resource Management (ERM) [1] အဖွဲ့မှဆောင်ရွက်ခဲ့သည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှု အကျိုးသက်ရောက်မှု ဆန်းစစ်ချက် (Environmental and Social Impact Assessment - ESIA)သည် စက်ရုံ၏ တစ်မိုင်ဝန်းကျင်အတွင်းရှိ ချောင်းများအပါအဝင် ရေအရင်းအမြစ်အချို့တွင်သာ စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် ရေသည် အနီရောင် အဆင့်ဖြစ်နေပြီး သောက်သုံးရန် မသင့်ဟု ကောက်ချက်ချခဲ့ကြောင်း ရှင်းပြပါသည်။ ESIAအစီရင်ခံစာတွင် မှန်ကန်သင့်တော်သည့် ဆောင်ရွက်ချက်များကို ဆောင်ရွက်လျှင် ဤအဆင့်ကို လျှော့ချနိုင်ကြောင်း ဖော်ပြထားကြောင်း ဒေသခံများ ရှင်းပြကြပါသည်။ ERMအဖွဲ့မှ စစ်ဆေးချက်များကို လုပ်ဆောင်ပြီး တစ်ပတ်အကြာတွင် ဒေသခံပြည်သူများမှ ၎င်းတို့ကိုယ်တိုင် ရေကို စစ်ဆေးစမ်းသပ်မှုများ ပြုခဲ့ပြီး အဆိုပါရလဒ်များအရ အပေါ်ယံရေပြင်တွင် Ph အက်စစ်ဓာတ်ပါဝင်မှု များနေပြီး ရေနက်ပိုင်းမှ ရေနမူနာများ ကောက်ယူ စစ်ဆေးရာတွင် ဓာတုပစ္စည်း ပါဝင်မှုများ ပို၍ များပြားနေကြောင်း ထောက်ပြကြပါသည်။

တိုင်ကြားသူများမှ ၎င်းတို့၏ ရွာတွင် အစိုးရမှ ရေဖြန့်ဖြူးပေးခြင်းမရှိကြောင်း၊ ဒေသအတွင်းရှိ ချောင်းများကိုသာ မိသားစုရေသုံးစွဲရေးအတွက် ရေအရင်းအမြစ်အဖြစ် အသုံးပြုနေရကြောင်း ရှင်းပြခဲ့ကြပါသည်။ ထိုသို့ရွာသားများအားလုံး အားကိုးနေရသော ချောင်းများတွင် စက်ရုံအသစ်မှ စွန့်ပစ်ရေများကြောင့် ညစ်ညမ်းမှုများရှိနေကြောင်း ထင်မြင်ကြပြီး စက်ရုံအသစ်သည် မြေအမြင့်ပိုင်းတွင်ရှိနေသဖြင့် မိုးရာသီတွင် အခြေအနေ ပို၍ဆိုးရွားသည်ဟု ဒေသခံများမှ ပြောကြပါသည်။ တိုင်ကြားသူများက ကျေးရွာရှိ ရေတွင်းများမှ ရေတွင် အပေါ်ယံတွင် အဆီဝေ့နေသည့် အဝါရောင် အလွှာတစ်ခုရှိကြောင်း၊ ထိုအလွှာသည် ပျစ်ခဲမာလာကြောင်းနှင့် ယခင်ကထက် ရေတွင် အနည်အနှစ် ပိုများကြောင်း ပြောပါသည်။ ရေအရောင်သည်လည်း မူလက ကြည်လင်နေသည့် အရောင်မှ အစိမ်းရောင် နှင့်/(သို့မဟုတ်) အနီရောင်သို့ ပြောင်းလာသည်ဟု ဆိုပါသည်။ တိုင်ကြားသူများမှ ဆက်လက်၍ ပြောကြားသည်မှာ စက်ရုံသည် စွန့်ပစ်ရေများကို ထည့်ရန် ကန်တစ်ကန် တူးခဲ့သော်လည်း ထိုကန်သည် ရေလုံအောင် စနစ်တကျ လုပ်ဆာင်ထားခြင်း မရှိကြောင်း ပြောပါသည်။ ရလဒ်အဖြစ် စက်ရုံမှ စွန့်ပစ်ထားသော ရေများသည် ကန်ထဲသို့ ရောက်ပြီးနောက် ထိုကန်မှတဆင့် မြေအောက်ထဲသို့ လည်းကောင်း၊ ချောင်းများနှင့် ဒေသန္တရ ရေစနစ်များထဲသို့ လည်းကောင်း ယခုအချိန်အထိ စိမ့်ဝင်နေပါသည်။ ဤကန်ကို မတူးခင် စက်ရုံမှ စွန့်ပစ်ရေအားလုံးသည် အနီးအနားရှိ ခြံများအတွင်းသို့ တိုက်ရိုက်စီးဝင်နေပြီး စိုက်ပျိုးသီးနှံများ ပျက်စီးခြင်းနှင့် သီးနှံအထွက်နှုန်း လျော့ကျလာခြင်းတို့ကို ဖြစ်စေသည်။ ဒေသခံရေတွင်းများသည် ရေညစ်ညမ်းနေသဖြင့် ဒေသခံပြည်သူများသည် ရေသန့်ကိုသာ စတင်ဝယ်ယူ သောက်သုံး၍လည်း နေကြပါသည်။

[1] ERMအဖွဲ့ ဆိုသည်မှာ ဟောင်ကောင်တွင် အခြေစိုက်သည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်ပင်ခံ နည်းပညာ ကုမ္ပဏီတစ်ခုဖြစ်၍ ဩဘာအုပ်စုကုမ္ပဏီမှ ESIA ကို ဆောင်ရွက်ရန် ခန့်အပ်ထားသော အဖွဲ့ဖြစ်ပါသည်။

တိုင်ကြားသူများက ရွာထဲတွင်လည်း နေမကျန်းဖြစ်ခြင်းများ ပို၍ အတွေ့ရများလာကြောင်း ရှင်းပြပြီး ဤသည်မှာ ရေညစ်ညမ်းမှုနှင့် ဆက်စပ်နေသည်ဟု သံသယရှိကြသည်။ ဆေးဝါးကုသမှု ကုန်ကျစရိတ်လည်း များလာပြီး ထိုဆေးကုသစရိတ်များကို ဒေသခံပြည်သူများအနေဖြင့် မတတ်နိုင်ကြပေ။ ဒေသခံများသည် ရေကို သောက်သုံးရန်နှင့် ဟင်းချက်ရန် အသုံးမပြုနိုင်ကြတော့ပေ။

*(ခ) မခံနိုင်အောင်ဆိုးရွားသော အနံ့ဆိုးနှင့် ဖုန်*

တိုင်ကြားသူများသည် စက်ရုံမှ လာသည်ဟု ယူဆသော ပြင်းထန်သော၊ စက်ဆုပ်ဖွယ် ဓာတု၊ ပိုးသတ်ဆေးနှင့် မီးကျွမ်းနံ့တစ်ခုရကြောင်း ပြောကြားခဲ့ပါသည်။ ထိုအနံ့ကို ညတွင်ပို၍ သတိထားမိကြသော်လည်း နေ့ခင်းဘက်တွင်လည်း အချိန်အမျိုးမျိုးတွင်လည်း အနံ့ရကြောင်း သတိထားမိကြပါသည်။ လေ မည်သည့်အရပ်မှ တိုက်သည့်အပေါ် မူတည်၍ အနံ့ပြင်းထန်မှု ကွာခြားသော်လည်း ထိုအနံ့ကြောင့် ပျို့အန်ခြင်း၊ မူးဝေခြင်း၊ အသက်ရှူကျပ်ခြင်းနှင့် ခေါင်းကိုက်ခြင်းများ ဖြစ်စေပြီး ကလေးငယ်များအတွက် အထူးဆိုးရွားသည်ဟု ဒေသခံများမှ သိမှတ်ထားပါသည်။ ဤသို့အနံ့၏ ဘေးထွက်ဆိုးကျိုးများကြောင့် အထူးသဖြင့် ရော်ဘာစိုက်ခင်းများအတွင်း ညဘက်တွင် အလုပ်လုပ်ရ ခက်ခဲသဖြင့် စိုက်ပျိုးကုန် ထုတ်လုပ်မှုအပေါ်မှာလည်း သက်ရောက်မှုရှိပါသည်။ ရွှေ့ပြောင်းနေထိုင်ရန် စရိတ်တတ်နိုင်သည့် ဒေသခံပြည်သူများသည် ရွှေ့ပြောင်းနေထိုင်ခဲ့ကြပြီးသော်လည်း ဒေသခံအများစုမှာ ဆင်းရဲ၍ ရွှေ့ပြောင်းရန် ဖြစ်စေ၊ အနံ့မှ ကာကွယ်ရန် မျက်နှာဖုံးများကို ဖြစ်စေ၊ မတတ်နိုင်ကြပေ။ ၎င်းတို့၏ တစ်ခုတည်းသော ရွေးချယ်စရာ နည်းလမ်းတစ်ခုမှာ အနံ့ အလွန်ပြင်းလွန်းသော အချိန်တွင် အိမ်မှ ခဏထွက်သွားရန်သာ ဖြစ်ပေသည်။ တိုင်ကြားသူများမှ စက်ရုံ၏ လုပ်ငန်းလည်ပတ်မှုများကြောင့်၊ ကုမ္ပဏီသည် ၎င်းတို့၏ အခြားလုပ်ကွက်များမှ စွန့်ပစ်ပစ္စည်းများကို ကုန်တင်ကားများဖြင့် ယူလာပြီး မီးရှို့နေသောကြောင့် ဤအနံ့ဆိုးများ ထွက်စေသည်ဟု ပြောဆိုနေပါသည်။ ကုမ္ပဏီသည် ၎င်းတို့၏ တခြားသော ဆိုင်များမှ အမှိုက်များကို ယူလာပြီး မီးရှို့ကြောင်း ပြောပါသည်။ ရလဒ်မှာ လမ်းပေါ်တွင် စက်ရုံများမှ/သို့ သွားလာသော ကုန်တင်ကားပေါင်းများစွာ ရှိနေသည်။ ယင်းအဖြစ်ကြောင့် အနီးအနားရှိ ရွာများတွင်လည်း ဖုန်ပမာဏ ပိုများလာစေပြီး ဤသည်မှာ အဆုတ်အတွက် မကောင်းပေ။

တိုင်ကြားသူများသည် စက်ရုံသစ်၏ အရွယ်အစားနှင့် ပတ်သက်၍ စိုးရိမ်စိတ်များ ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ ယခင်က စက်ရုံဟောင်းမှ ထွက်လာသော အနံ့ဆိုးများသည် မခံနိုင်အောင် ဆိုးရွားသဖြင့် ကုမ္ပဏီမှ ဓာတုပစ္စည်းများကို မီးရှို့နေသောအခါတွင် ကျောင်းများကိုပင် ခေတ္တ ပိတ်ထားရကြောင်း၊ ဤသို့ နေ့စဉ်ဖြစ်ပေါ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကုမ္ပဏီက စက်ရုံသစ်သည် ယခုအထိ လုပ်ငန်း စတင်မလည်ပတ်သေးဟု ဆိုသော်လည်း ယခင်ကလောက် မဆိုးရွားသော်ငြား ယခုအချိန်အထိ အနံ့ဆိုးများ မကြာခဏ ဖြစ်ပေါ်နေဆဲ ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ကြောင့် ကုမ္ပဏီသည် လုပ်ငန်းများကို အပြည့်အဝ စတင်လည်ပတ်သည့်အခါ အခြေအနေ ပိုဆိုးလာမည်ကို ဒေသခံများက ကြောက်ရွံ့နေပါသည်။

ထို့အပြင် တိုင်ကြားသူများမှ ထိုအနံ့ဆိုးကြောင့် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့သည်ဟူ၍လည်း ဆက်လက်၍ ပြောကြားခဲ့ကြပါသည်။ အနီးအနားရှိ ကျောက်ပြားစက်ရုံကို ဝယ်ယူရန် စိတ်ဝင်စားသည့်၊ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူ တစ်ယောက်သည် ပြင်းထန်သော အနံ့ဆိုးများကြောင့် ရပ်ဆိုင်းသွားခဲ့ကြောင်း ဒေသခံများ ထင်မြင်ယူဆကြပါသည်။

*(ဂ) လမ်းအသုံးပြုမှု ကန့်သတ်ခံရခြင်း*

တိုင်ကြားသူများမှ ကုမ္ပဏီသည် ရွာနှစ်ရွာကို ဆက်သွယ်ပေးသည့်၊ တရားဝင် မှတ်ပုံတင်အမည်ပေါက်ပြီး လမ်း၏ တစ်ဝက်ကို ခြံစည်းရိုးခတ်ခဲ့သည်ဟု ပြောဆိုပါသည်။ ထိုလမ်းတစ်ဝက်သည် အစိုးရမှ ကုမ္ပဏီသို့ ပေးအပ်သည့် လုပ်ငန်းလုပ်ဆောင်ရန် မြေထဲတွင် ပါဝင်ကြောင်း ကုမ္ပဏီမှ ပြောကြောင်း တိုင်ကြားသူများမှ ပြောဆိုပါသည်။ ထိုခြံစည်းရိုးကြောင့် လမ်းသည် ယာဉ်တစ်လမ်းမောင်းစာသာ ရှိတော့သဖြင့် စိုက်ပျိုးရေး ထုတ်လုပ်မှုပေါ်တွင် ထိခိုက်စေပါသည်။ လယ်ထွန်ရန် လိုအပ်သည့် လယ်ထွန်စက်များနှင့် စိုက်ပျိုးကုန်များကို ဈေးကွက်သို့ တင်ပို့ရန် အသုံးပြုသော ကားများသည် ယခုအခါတွင် လမ်းအလွန် ကျဉ်းမြောင်းသဖြင့် ယာဉ်မဝင်နိုင်တော့ပါ။

*(ဃ) အလုပ်သမားရေးရာနှင့် ဆက်စပ်သည့် ချိုးဖောက်မှုများ*

တိုင်ကြားသူများမှနေ၍ ကုမ္ပဏီသည် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းအဖြစ် လူ့စွမ်းအားရင်းမြစ် စီမံခန့်ခွဲသည့် ကုမ္ပဏီတစ်ခု (PPC)မှတဆင့် ဒေသခံအချို့ကို လုံခြုံရေးအစောင့်အဖြစ် ခြောက်လစာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း ပြောကြားပါသည်။ ထိုသူများကို ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ၁၄ရက်နေ့တွင် စတင်အလုပ်ခန့်ခဲ့ပြီး နှစ်ပတ်အကြာ (၂၀၁၈ခုနှစ်၊ မတ်လ၁ရက်)တွင် အလုပ်သမား ၁၈ယောက်ကို အလုပ်မှ ထုတ်ခဲ့သည်။ တိုင်ကြားသူများမှ ၎င်းတို့အလုပ်ဖြုတ်ခံရသည့် အကြောင်းအရင်းမှာ ဒေသခံများ ဖြစ်နေသောကြောင့်ဟု ဆိုပါသည်။ ထိုသူများကို ခန့်အပ်ခဲ့သည့် အကြောင်းအရင်းမှန်မှာ IFCအဖွဲ့မှ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင် စက်ရုံကို လာရောက်စစ်ဆေးမည်ဖြစ်သောကြောင့် ကုမ္ပဏီမှ ဒေသခံရပ်ရွာမှ လူများကို စက်ရုံတွင် အလုပ်ခန့်ထားလျက်ရှိကြောင်း IFCအဖွဲ့အား ပြသလိုသောကြောင့်ဟု ယူဆကြပါသည်။ စစ်ဆေးမှုပြီးသည်နှင့် တပြိုင်နက် အလုပ်သမားများကို ဖြုတ်လိုက်ခြင်း ဖြစ်သည်။ တိုင်ကြားသူများမှ အလုပ်သမားများအပေါ် စက်ရုံသစ်၏ အလားအလာရှိသော ကျန်းမာရေး သက်ရောက်မှုများနှင့် စပ်လျဉ်း၍ စိုးရိမ်စိတ်များ ရှိကြောင်း ပြောကြားခဲ့ကြပါသည်။ ယခင် စက်ရုံဟောင်းတွင် အလုပ်သမားများမှာ ဓာတုပစ္စည်းများကို ကိုင်တွယ်ရန် မည်သည့် အကာအကွယ် ပစ္စည်းမှ မရှိခဲ့ပါ။ ထို့ကြောင့် အကျိတ်နှင့် ကျောက်ကပ်ရောဂါကဲ့သို့သော ကြီးမားသော ကျန်းမာရေး ပြဿနာများ၊ အချို့သော ဖြစ်ရပ်များတွင် အလုပ်သမားများ အသက်ဆုံးရှုံးသည်အထိ တွေ့ကြုံခဲ့ရသည်ဟု ယူဆကြပါသည်။ အချို့သော ဖြစ်ရပ်များတွင်မူ စက်ရုံလုပ်သားများ အသက်ဆုံးရှုံးနေရသည်ကို တွေ့ကြုံနေရသည်။ ၎င်းတို့အနေဖြင့် စက်ရုံသစ်၌လည်း ဤအခြေအနေ ဆက်လက်၍ ဖြစ်မည်ဟု ကြိုတင်မျှော်မှန်းထားကြပါသည်။

*(င) ဒေသခံပြည်သူများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု မရှိခြင်း (သို့မဟုတ်) နည်းပါးခြင်း*

တိုင်ကြားသူများမှ ကုမ္ပဏီ၏ စက်ရုံသစ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ ဒေသခံများနှင့် ညှိနှိုင်း တိုင်ပင် ဆွေးနွေးမှု အဆင့်အပေါ် မကျေနပ်မှုကို ပြောကြားခဲ့ကြပါသည်။ တိုင်ပင်ဆွေးနွေးမှုများ လုပ်သည့်အခါတွင် ကုမ္ပဏီသည် ရပ်ရွာလူထုများအား စက်ရုံနှင့် ပတ်သက်သော အကြောင်းအရာများ၊ စက်ရုံတွင် တပ်ဆင်ထားသည့် နည်းပညာအသစ်နှင့် အသုံးပြုသွားမည့် ခေတ်မီလုပ်ငန်းစဉ်များအကြောင်း သတင်း အချက်အလက်ပေးခြင်းသာ ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် ဒေသခံပြည်သူများမှ မေးခွန်းများကို မေးမြန်းရန် သို့မဟုတ် စက်ရုံနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်စိတ်များကို ပြောကြားရန် အခွင့်အအရေး လုံးဝ မပေးခဲ့ပါ။ ထိုမျှမက တိုင်ကြားသူများမှ ၎င်းတို့၏ စိုးရိမ်မှုများကို ကုမ္ပဏီသို့ ပြောကြားရန်အတွက် ကုမ္ပဏီသို့ သွားရောက်ရန် အခွင့်အလမ်း မရှိကြောင်း ပြောကြပါသည်။ ကျေးရွာလူထုအပေါ်တွင် ဖြစ်လာနိုင်သည့် သက်ရောက်မှုဆိုးကျိုးများကို ပိုမိုသိရှိနားလည်ရန် ကုမ္ပဏီနှင့် တွေ့ဆုံခွင့်များ တောင်းခဲ့သော်လည်း ကုမ္ပဏီဘက်မှ ထိုတောင်းဆိုချက်များကို မည်သို့မျှ မတုန့်ပြန်ခဲ့ကြောင်း သိရပါသည်။ ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုသည်လည်း

စီးပွားရေးလုပ်ငန်းဆိုင်ရာ လူမှုရင်းနှီးမြှုပ်နှံမှု (corporate social investment - CSI) နှင့် ပတ်သက်၍သာ တိုင်ပင်ဆွေးနွေးမှု လုပ်ခဲ့ကြောင်း သိရပါသည်။

ထို့အပြင် သဘာဝပတ်ဝန်းကျင်နှင့် လူမှု အကျိုးစီးပွား သက်ရောက်မှု အစီရင်ခံစာ (ESIA) ကိုလည်း ဒေသခံပြည်သူများမှ ထိုလုပ်ငန်းစဉ်အတွင်း ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးမှု မရှိခဲ့သောကြောင့် ကန့်ကွက်နေကြပါသည်။ ရေစမ်းသပ်မှုများကို သတ်မှတ်ထားသော နှစ်မိုင်ပတ်လည်ဝန်းကျင်အတွင်းရှိ ဆိုးကျိုးသက်ရောက်မှုခံရရန် အလားအလာရှိသော ကျေးရွာများထဲမှ (အားလုံးမဟုတ်) အချို့ရွာများတွင်သာ ဆောင်ရွက်ခဲ့သည်ဟု ဆိုပါသည်။ ESIA ထဲတွင် အချို့သော ကျေးရွာများပါဝင်ပြီး အခြားကျေးရွာများ မပါဝင်သည့်ကိစ္စနှင့် ပတ်သက်၍ မည်သည့် ရှင်းလင်းချက်မျှ မပေးအပ်ခဲ့ပါ။ ထို့ကြောင့် ကျေးရွာများအတွင်း တင်းမာမှုများ ဖြစ်စေပြီး အချို့လည်း မိမိတို့အား ခွဲခြားဆက်ဆံခံရသည်ဟု ယူဆကြသည်။ တိုင်ကြားသူများမှ ဒေသခံပြည်သူများသည် ESIAနှင့် သက်ဆိုင်သည့် မေးခွန်းများကို မေးခဲ့သော်လည်း ERM အဖွဲ့သည် မကိုင်တွယ်၊ မဖြေရှင်းခဲ့ကြောင်း ပြောပါသည်။

တိုင်ကြားသူများမှ ESIAကို ဆွေးနွေးရန် သတင်းစာရှင်းလင်းပွဲတစ်ခု ကျင်းပခဲ့သော၊ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စီမံကိန်းနေရာသို့ IFCအဖွဲ့သည် လာခဲ့ကြောင်း ပြောကြားပါသည်။ ဒေသခံပြည်သူများသည် ESIAလုပ်ငန်းစဉ်တွင် မပါဝင်ခဲ့သည့်အပြင် CAOအဖွဲ့သို့လည်း တိုင်ကြားထားပြီးသား ဖြစ်သဖြင့် ကုမ္ပဏီသည် ထိုပွဲသို့ ဒေသခံပြည်သူများအား တက်ရောက်ရန် ဖိတ်ကြားခဲ့သော်လည်း ယင်းတို့မှ ငြင်းဆိုခဲ့သည်။ ဒေသခံပြည်သူများသည် ပညာတတ်များ မဟုတ်သဖြင့် ရပ်ရွာအတွင်း၌ သတင်းအချက်အလက်ရရှိရန်မှာ စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသောကြောင့် ကုမ္ပဏီနှင့် IFCအဖွဲ့တို့နှင့် တိုက်ရိုက်ထိတွေ့မည့်အစား CAOအဖွဲ့မှ ပံ့ပိုးကူညီပေးသည့် လုပ်ငန်းစဉ်ဖြင့်သာ ဆောင်ရွက်လိုကြောင်းလည်း ရှင်းပြခဲ့ကြပါသည်။

*(စ) ဒေသန္တရ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုး သက်ရောက်မှုများ*

တိုင်ကြားသူများသည် ဒေသအတွင်း၌ ဌာနေ တိရိစ္ဆာန်မျိုးစိတ်များနှင့် ပျားများ အမြောက်အများ ရှိခဲ့သော်လည်း ယခုအခါ ပြောင်းလဲသွားခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ တိုင်ကြားသူများသည် ဤသို့ဖြစ်ရသည်မှာ စက်ရုံလုပ်ငန်းလည်ပတ်မှုများကြောင့်၊ အထူးသဖြင့် အနံ့ဆိုးနှင့် ရေညစ်ညမ်းခြင်း တို့ကြောင့် ဖြစ်ပေါ်လာသော ရလဒ်ဟု ယူဆကြပါသည်။ တိုင်ကြားသူများသည် စက်ရုံကို အခြားနေရာသို့ ရွှေ့ပြောင်းပေးရန် ဆန္ဒရှိကြောင်းလည်း ပြောခဲ့ကြပါသည်။

တိုင်ကြားသူများမှ ဖွံ့ဖြိုးမှုသည် ဒေသခံရပ်ရွာလူထုကို မြှင့်တင်ပေးမည့်အပြင် အလုပ်အကိုင်များကို ဖန်တီးပေးမည့် အလားအလာရှိကြောင်း ယူဆသဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံကျကျ ဆန့်ကျင်၊ ကန့်ကွက်ချက် လုံးဝ မရှိကြောင်း ရှင်းပြခဲ့ပါသည်။ ထို့ကြောင့် ဒေသအတွင်း ပိုးသတ်ဆေးစက်ရုံမှလွဲ၍ အခြားမည့်သည့် ကုန်ထုတ်စက်ရုံမျိုးကိုမဆို လက်ခံကြိုဆိုပါမည်။ ထို့အပြင် သြဘာစက်ရုံသည် အနီးအနားတွင် ရှိနေသည့် ဒေသခံပြည်သူများ (သို့မဟုတ်) စက်ရုံကြောင့် ဒေသခံများအပေါ် ဖြစ်နိုင်သော ကျန်းမာရေး ထိခိုက်မှုများကို ဂရုမထားသလောက် ဖြစ်နေသည်မှာ ပေါ်လွင်နေကြောင်း ပြောကြားခဲ့ကြပါသည်။

***ကုမ္ပဏီ၏ ရှုထောင့်***

ကုမ္ပဏီမှ စက်ရုံတည်ဆောက်ခြင်းနှင့် ပတ်သက်၍ နောက်ခံ အကျဉ်းကို တင်ပြရာတွင် စက်ရုံဟောင်းကို ၁၉၉၀နှစ်များအတွင်း၌ တည်ဆောက်ခဲ့ပြီး အစိုးရမှ ၂၀၀၇ခုနှစ် အထိ လည်ပတ်ခဲ့သည် (နောင်တွင် "စက်ရုံဟောင်း"ဟု ရည်ညွှန်းသုံးစွဲပါမည်)။ ထိုကာလအတွင်း ဤဒေသ၌ ပိုးသတ်ဆေးစက်ရုံနှင့်

မျက်နှာကျက် ကျောက်ပြားစက်ရုံဟူ၍ စက်ရုံနှစ်ရုံရှိခဲ့ပါသည်။ စက်ရုံဟောင်းတွင် ပြဿနာပေါင်းများစွာရှိ၍ ဒေသခံ ပြည်သူများ ယနေ့ဖော်ထုတ်ထားသည့် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း ရှင်းပြခဲ့ကြပါသည်။

၂၀၀၈ခုနှစ်၊ ဖွန်လတွင် မြန်မာနိုင်ငံတော်အစိုးရ၏ ဖိတ်ခေါ်ချက်အရ စက်ရုံဟောင်းကို ၁၀နှစ်တာကာလအတွက် လည်ပတ်လုပ်ဆောင်ရန် အစိုးရမှ ခွင့်ပြုသည့်အတိုင်း ကုမ္ပဏီသည် တခြားပုဂ္ဂလိက ကုမ္ပဏီတစ်ခုနှင့် ဖက်စပ်လုပ်ငန်းတစ်ခု စတင်ခဲ့ပါသည်။ ကုမ္ပဏီမှ စက်ရုံဟောင်း၏ စံနှုန်းများသည် ကောင်းမွန်သော နိုင်ငံတကာ စက်မှု ကျင့်သုံးမှုများ (Good International Industry Practices - GIIPs) မပြည့်မီကြောင်း သဘောပေါက်ခဲ့သေအခါ ထိုစက်ရုံကို စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေရန် ခေတ်မီအောင် ကြိုးစားခဲ့ကြောင်း ဖော်ပြထားပါသည်။ သို့ရာတွင် မည်သည့် သဘောသဘာဝ ရှိသော ရင်းနှီးမြှုပ်နှံမှုမဆို မြန်မာနိုင်ငံတော် သမ္မတ၏ ခွင့်ပြုချက်ရယူရန် လိုအပ်သော်လည်း မရခဲ့သောကြောင့် မလုပ်နိုင်ခဲ့ပေ။ သို့သော် ၂၀၁၁ခုနှစ်တွင် ကုမ္ပဏီသည် ကုမ္ပဏီလုပ်ငန်းလည်ပတ်မှုကို တိုးချဲ့ရန်နှင့် နိုင်ငံတကာ စံနှုန်းများကို လိုက်နာရန် ကိုယ်ပိုင် ခေတ်မီ စက်ရုံသစ်တစ်ခု တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အစိုးရသည် ကုမ္ပဏီ၏ စက်ရုံအသစ်ကို မူလ စက်ရုံဟောင်းနှင့် မီတာ ၁၀၀ အကွာတွင် တည်ဆောက်ရန် မြေကွက်ချပေးခဲ့ပါသည်။ ထို့နောက် ကုမ္ပဏီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် အပါအဝင် သက်ဆိုင်ရာ အစိုးရ ခွင့်ပြုချက်များကို ထည့်သွင်းစဉ်းစားခဲ့ပြီးသည့်နောက် IFCအဖွဲ့အား ရင်းနှီးမြှုပ်နှံမှုအတွက် ချဉ်းကပ်ခဲ့ပါသည်။ ကုမ္ပဏီမှ စက်ရုံသစ်သည် ယခုအချိန်အထိ မလည်ပတ်သေးသော်လည်း ယခုအခါတွင် စမ်းသပ်လည်ပတ်မှုများ ဆောင်ရွက်နေကြောင်း ရှင်းပြပါသည်။ ကုမ္ပဏီ၏ ဘုတ်အဖွဲ့သည် ၂၀၁၈ခုနှစ်၊ ဖွန်လတွင် စက်ရုံဟောင်း (MPI)ကို လက်လွှတ်လိုက်ရန် အတည်ပြုပေးခဲ့ပါသည်။

ကုမ္ပဏီသည် အစကတည်းက တိုင်ကြားချက်တွင် ဖော်ပြထားသော စိုးရိမ်မှုများထဲမှ အများစုမှာ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ၊ ရေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးပေါ် သက်ရောက်မှုများသည် စက်ရုံဟောင်း(MPI)နှင့်သာ ဆက်စပ်နိုင်ကြောင်း အလေးထား ပြောကြားခဲ့သည်မှာ အသစ် တည်ဆောက်ထားသော စက်ရုံသည် ယခုအချိန်အထိ လုပ်ငန်းလည်ပတ်မှုများ မစတင်ရသေးသည့်အပြင် ဩဘာသည် ထိုသို့လုပ်ဆောင်ရန် သက်ဆိုင်ရာ လိုင်စင်များကို စောင့်ဆိုင်းနေသောကြောင့် ဖြစ်ပါသည်။

တိုင်ကြားသူများမှ ပြောလာသည့် ပြဿနာများနှင့် ပတ်သက်၍ ကုမ္ပဏီသည် အောက်ပါအတိုင်း တုန့်ပြန်ဖြေကြားခဲ့ပါသည် -

*(က) အမှန်တကယ်နှင့် အလားအလာရှိသော ရေထုညစ်ညမ်းမှု*

ကုမ္ပဏီမှ စီမံကိန်းအတွက် လုပ်ငန်းလည်ပတ်ရန် လိုင်စင်ကို အစိုးရမှ ယခုအချိန်အထိ မချပေးသေးသဖြင့် စက်ရုံသည် လည်ပတ်သည့်အဆင့်သို့ မရောက်သေးကြောင်း ရှင်းပြခဲ့ပါသည်။ စက်ရုံကို ဓာတုဖျော်စပ်သည့် စက်ရုံတစ်ခုအဖြစ်သာ လည်ပတ်ရန် ပုံစံဒီဖိုင်းရေးဆွဲထားရာ ဓာတုထွက်ကုန်များ သို့မဟုတ် အလွန် အန္တရာယ်ရှိသော ဘေးထွက်ပစ္စည်းများ မထွက်သည့်အပြင် ကုမ္ပဏီသည် နိုင်ငံခြားမှ တင်သွင်းသော ဓာတုပစ္စည်းများကို အသုံးပြုပါသည်။ စက်ရုံ၏ သဘောသဘာဝအရ စက်ရုံသည် ရေထုညစ်ညမ်းခြင်းအပါအဝင် သဘာဝပတ်ဝန်းကျင်ကို သက်ရောက်မှုရှိမည့် ဓာတုပစ္စည်းများကို ထုတ်လုပ်ရန်မှာ အလွန် ဖြစ်နိုင်ခြေ မရှိကြောင်း ကုမ္ပဏီမှ ယုံကြည်ပါသည်။

ကုမ္ပဏီမှ ဆက်လက်၍ ၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံ၌ ESIA ဆိုင်ရာ စည်းကမ်းချက်များသည် အလွန်ပင် ကျယ်ပြန့်ဝေဝါးနေပြီး စီမံကိန်းတွင် IFCအဖွဲ့ပါဝင်လာသည့်အခါတွင် (၂၀၁၅ခုနှစ် ဥပဒေများအရ) ESIA သည် မလုံလောက်ဟု တွေ့ရှိခဲ့ရကြောင်း ရှင်းပြခဲ့ပါသည်။ IFCအဖွဲ့မှနေ၍ ကုမ္ပဏီအား IFC စွမ်းဆောင်မှု

စံနှုန်းများ (IFC Performance Standards) နှင့် ပိုးသတ်ဆေး ထုတ်လုပ်မှု၊ ဓာတုဖျော်စပ်မှုနှင့် ထုတ်ပိုးမှုအတွက် ကမ္ဘာ့ဘဏ်အုပ်စု သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များ (WBG ESH Guidelines)နှင့်အညီ ESIAကို လုပ်ဆောင်ရန် တိုက်တွန်း အကြံပြုခဲ့ပါသည်။ ဤသို့ မှန်အောင်ပြုပြင်၊ တည့်မတ်ပေးသော ဆောင်ရွက်ချက်ကို သဘောတူညီထားသော သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (E&S Action Plan - ESAP)တွင် ထည့်သွင်းထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ကုမ္ပဏီသည် တတိယပုဂ္ဂိုလ်၊ ကြားနေ အကြံပေးအဖွဲ့အစည်း (ERMအဖွဲ့)ကို အသုံးပြု၍ ထပ်တိုး ESIAကို လုပ်ဆောင်ခဲ့ပြီး ထိုဆန်းစစ်ချက်၏ ရလဒ်များကို ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလတွင် အများပြည်သူအား ဖြန့်ဖြူးပေးရန် ရရှိခဲ့ပါသည်။ ကုမ္ပဏီမှ ESIAတွင်ပါဝင်သော အကြံပြုချက်များထဲမှ အချို့ကိုလည်း အကောင်အထည် ဖော်ဆောင်ခဲ့ပြီးဖြစ်၍ စက်ရုံသည် လုပ်ငန်းလည်ပတ်ရန် ပြင်ဆင်နေသည်နှင့်အမျှ (ERMအဖွဲ့၏ ဆက်လက် ပံ့ပိုးမှုဖြင့်) ဆက်လက်၍ အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ဤသို့ လုပ်ဆောင်ရာတွင် အနီးအနားရှိ အားလုံးသော ဒေသန္တရချောင်းများအတွင်းသို့ မည်သည့် ရေညစ်ညမ်းမှုမဆို မဖြစ်နိုင်အောင် စွန့်ပစ်ရေများကို စုစည်းထိန်းသိမ်းသွားမည့် ရေနုတ်မြောင်းစနစ်တစ်ခု ဖန်တီးခြင်း ပါဝင်သည်။

ကုမ္ပဏီသည် စက်ရုံလုပ်ငန်းလည်ပတ်မှုများအတွင်း ရေ အနည်းအကျဉ်း အသုံးပြုမှုနှင့် ပတ်သက်၍လည်း ရှင်းပြခဲ့သလို စက်များ၏ သန့်ရှင်းရေးလုပ်ငန်းစဉ်အတွင်း ဓာတုပစ္စည်းများ၏ ပါဝင်မှုသည် အလွန်နည်းပါးကြောင်း ရှင်းပြခဲ့ကြပါသည်။

*(ခ) မခံနိုင်အောင်ဆိုးရွားသော အနံ့ဆိုး*

ကုမ္ပဏီသည် လုပ်ငန်းလည်ပတ်ရန် လိုင်စင်မရသေးသဖြင့် စက်ရုံသည် ယခုအထိ တိုင်ကြားသူများ ပြောသကဲ့သို့ လည်ပတ်ခြင်း မရှိသေးကြောင်း ရှင်းပြခဲ့ပါသည်။ သို့သော် ကုမ္ပဏီသည် လုပ်ငန်းအပြည့်အဝ လည်ပတ်ရန် စမ်းသပ်မောင်းနှင်သည့် အဆင့် (စမ်းသပ်လည်ပတ်မှု) ရှိနေပြီဖြစ်ကြောင်း ပြောကြားပါသည်။ ထိုသို့ စမ်းသပ်မောင်းနှင်သည့် အဆင့်တွင် အဓိကအားဖြင့် စမ်းသပ်မှုများသည် နေ့ဘက်တွင်သာ ဆောင်ရွက်ပါသည်။ ထို့ကြောင့် ညဘက်တွင် အနံ့ဆိုးရသည်ဟူသော တိုင်ကြားချက်သည် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများနှင့် မဆိုင်ကြောင်း ပြောကြားပါသည်။ ထို့အပြင် ကုမ္ပဏီမှ စက်ရုံသစ်တွင် တပ်ဆင်ထားသည့် လေထုသန့်စင်ရေး စနစ်များသည် နောက်ဆုံးပေါ် ခေတ်မီသဖြင့် အနံ့ဆိုးများ စက်ရုံမှ ထွက်သည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်း ဆိုပါသည်။

ကုမ္ပဏီမှ ဆက်လက်၍ အမြင့်မားဆုံးသော ထိရောက်မှုရရှိရန် အကောင်းဆုံးသော လေထုပါဝင်မှု အချိုးအစားရရန် ကြိုးစားနေသည့်အခါတွင် ဒီဇယ်ကားတစ်စီးသည် တစ်ခါတစ်ရံ မီးခိုးအမည်းထွက်သကဲ့သို့ စက်ရုံအနေဖြင့်လည်း ယခုအခါတွင် မီးရှို့စက်ကို ပိုမိုကောင်းမွန်သည့် လေထု အချိုးအစားရရှိရန် လုပ်ဆောင်နေကြောင်း၊ သန့်စင်သော/သဘာဝပတ်ဝန်းကျင်အတွက် ထိခိုက်မှုနည်းသော မီးခိုးငွေ့၏ အကောင်းဆုံး အချိုးအစား ထွက်ရန် စက်ရုံလည်ပတ်ရေးအဖွဲ့မှ ကြိုးစားနေကြောင်း ရှင်းပြခဲ့ပါသည်။ ဤသို့ရရှိရန် IFC ESMP တွင် အကြံပြုထားသည့်အတိုင်း ကြည့်ရှုစစ်ဆေးခြင်း(visual checks)၊ သတိထားစောင့်ကြည့်ခြင်း (awareness)နှင့် သတိကြီးစွာထား၍ အစီအစဉ်ရေးဆွဲ ဆောင်ရွက်ခြင်း (cautious planning) တို့မှတဆင့် လုပ်ဆောင်ပါသည်။

*(ဂ) လမ်းအသုံးပြုရန် ကန့်သတ်ခံရခြင်း*

ကုမ္ပဏီမှ စက်ရုံတည်ဆောက်ထားသည့်မြေကို ကုမ္ပဏီသို့ စိုက်ပျိုးရေးဝန်ကြီးဌာနမှ အငှားချထားကြောင်း၊ လုပ်ကွက်ကို ခြံခတ်သည့်အခါ မြေယာနှင့် အိုးအိမ် ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ သက်ဆိုင်ရာဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် မြေပုံနှင့်အညီ ခတ်ထားခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။ မြေပုံအရ စက်ရုံ၏ တောင်ဘက်ပိုင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် အိမ်နီးချင်းရွာများအကြားတွင် လမ်း လုံးဝမရှိပါ။ ကုမ္ပဏီမှ ဆက်လက်၍ ခြံစည်းရိုးနှစ်ခုအကြား မည်သည့်နေရာတွင်မဆို လမ်းရှိရန် လိုအပ်ပါက ဖြစ်သင့်သည်မှာ (လမ်း၏ တစ်ဖက်တစ်ချက်ရှိ) မြေပိုင်ရှင် နှစ်ဘက်လုံးမှ ၎င်းတို့၏ မြေမှ ၆.၅ ပေစီ တန်းတူပေးမှသာလျှင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ၁၃ပေကျယ်သော လမ်းတစ်လမ်း ရရှိမည်။ ကုမ္ပဏီမှ မူလနယ်နိမိတ်၏ ၆.၅ပေအကွာမှ လမ်းပေးရန် ခွာပြီး ၎င်းတို့၏ ခြံစည်းရိုးကို တည်ဆောက်ထားပါသည်။ ထို့ကြောင့် လမ်းကျယ်စေရန် လိုအပ်သော ကျန်၆.၅ပေကို အိမ်နီးချင်းမှ ပေးရပါမည်။ ဤလိုအပ်ချက်ကိုလည်း အာဏာပိုင်များမှ အိမ်နီးချင်းကို အသိပေးပြီး ဖြစ်ကြောင်း ရှင်းပြပါသည်။

*(ဃ) အလုပ်သမားရေးရာနှင့် ဆက်စပ်သည့် ချိုးဖောက်မှုများ*


ကုမ္ပဏီသည် လုံခြုံရေးဝန်ထမ်းများကို ခန့်ထားရန်နှင့် ပတ်သက်၍ တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းအဖြစ် ကုမ္ပဏီတစ်ခုကို ငှားရမ်းခဲ့ကြောင်း၊ ထို့ကြောင့် အလုပ်သမား၁ဦးကို အလုပ်မှ ဖြုတ်ခြင်း၏ အကြောင်းအရင်းများနှင့် စပ်လျဉ်း၍ မပြောနိုင်ကြောင်း ရှင်းပြပါသည်။ သို့သော် ကုမ္ပဏီသည် စက်ရုံ လုပ်ငန်းလည်ပတ်သောအခါ စက်ရုံ အလုပ်အကိုင်လိုအပ်ချက်များကို ပွင့်လင်းမြင်သာသည့် နည်းလမ်းဖြင့် ကြေညာသွားမည်ဖြစ်ပြီး အရည်အချင်း ပြည့်မီသူများအားလုံးကို အလုပ်လျှောက်ထားရန် ကြိုဆိုကြောင်း ပြောပါသည်။ ကုမ္ပဏီမှ စက်ရုံသည် နောင် ၅ နှစ်အတွင်း ကျွမ်းကျင်လုပ်သား ၅၀၀ ခန့်လိုအပ်မည်ဟု ခန့်မှန်းပါသည်။

*(င) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးမှု မရှိခြင်း သို့မဟုတ် နည်းပါးခြင်း*

ကုမ္ပဏီမှ မကျေနပ်မှုတိုင်ကြားရန် ယန္တရား (grievance mechanism - GRM) ကို ၂၀၁၇ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ကြောင်း ရှင်းပြခဲ့ပါသည်။ ထိုစဉ်က မကျေနပ်မှုတိုင်ကြားသည့် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပိုမိုသိရှိစေရန်အတွက် သတင်းအချက်အလက်မျှဝေပေးသည့် ပွဲများနှင့် လှုပ်ရှားမှုများကို ကျေးရွာ ၇ရွာတွင် ကျင်းပခဲ့ပါသည်။ သွားရောက်ခဲ့သော ကျေးရွာများနှင့် တက်ရောက်ခဲ့သူ အရေအတွက်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| နေ့စွဲ | ကျေးရွာ | တက်ရောက်သူ အရေအတွက် | အစည်းအဝေး ကြာမြင့်ချိန် (နာရီဖြင့်) |
|---|---|---|---|
| ၂၀၁၇ခုနှစ်၊ဒီဇင်ဘာလ ၁ရက် | [redacted] | ၂၇ | ၃ |
| ၂၀၁၈ခုနှစ်၊ဇန်နဝါရီလ ၁၇ရက် | [redacted] | ၁၄ | ၂ |
| ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၈ရက် | [redacted] | ၂၈ | ၂ |
| ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက် | [redacted] | ၃၉ | ၁.၅ |
| ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၇ရက် | [redacted] | ၂၆ | ၁.၅ |
| ၂၀၁၈ခုနှစ်၊ဖေဖော်ဝါရီလ ၇ရက် | [redacted] | ၁၆ | ၁.၅ |
| ၂၀၁၈ခုနှစ်၊ မတ်လ ၂၀ရက် | [redacted] | ၄၅ | ၂ |

ကုမ္ပဏီမှ မကျေနပ်မှုတိုင်ကြားသည့် ယန္တရားနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၈ခုနှစ်၊ ဇူလိုင်လအထိ ကျေးရွာများအားလုံး၌ တိုးချဲ့ လုပ်ဆောင်သွားရန်နှင့် ESIA အစီရင်ခံစာ၏ ရလဒ်များကို ဆက်လက်ဆွေးနွေးရန်နှင့် မကျေနပ်မှုတိုင်ကြားသည့် ယန္တရားကို မြှင့်တင်ရန်အတွက် လစဉ် အကျိုးသက်ဆိုင်သူများ အစည်းအဝေးများကို ကျင်းပသွားရန် ရည်ရွယ်ချက်ကို ပြောပြခဲ့ပါသည်။ ကုမ္ပဏီသည် ESIA အစီရင်ခံစာကိုဆွေးနွေးရန်အတွက် အစီရင်ခံစာတင်ပြဆွေးနွေးသည့် အလုပ်ရုံ ဆွေးနွေးပွဲနှစ်ပွဲကို ဒေသခံရပ်ရွာလူထုများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် ဖေဖော်ဝါရီလ၂၇နှင့် ၂၈ရက်များတွင် အသီးသီး ကျင်းပခဲ့ကြောင်းနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲများကို ပို၍ ကျင်းပရန် စီစဉ်ထားကြောင်းလည်း ရှင်းပြခဲ့ပါသည်။




*(စ) ဒေသန္တရ သဘာဝ ပတ်ဝန်းကျင်အပေါ် ဆိုးရွားသည့် အကျိုးသက်ရောက်မှုများ*

ကုမ္ပဏီမှ ERM အဖွဲ့မှ ထုတ်ဝေခဲ့သော ESIA အစီရင်ခံစာကို ရည်ညွှန်း ပြောကြားခဲ့ပြီး ESIA သည် လေ၊ ဆူညံသံ၊ မြေ၊ ရေနှင့် ဇီဝ ပတ်ဝန်းကျင် (သစ်ပင်ပန်းမာလ်နှင့် တိရစ္ဆာန်များ) ပါဝင်သော သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု လုံးဝ မရှိကြောင်း တွေ့ရှိခဲ့ကြောင်း ပြောပါသည်။ ERM အဖွဲ့၏ ESIAတွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် စီးပွားရေးအပေါ် သက်ရောက်မှုများကို မဖော်ထုတ်ခဲ့ကြောင်း ပြောကြားပြီး ESIAထဲတွင် ဖော်ပြထားသကဲ့သို့ပင် စက်ရုံလုပ်ငန်းလည်ပတ်မှုများ ဆောင်ရွက်မည့် တည်နေရာကို အစိုးရမှ ရွေးချယ်ကြောင်း ထောက်ပြခဲ့ပါသည်။ သို့သော် ကုမ္ပဏီသည် စက်ရုံ စတင်လည်ပတ်သည်နှင့် တစ်ပြိုင်နက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု အနည်းဆုံးဖြစ်အောင် စောင့်ကြည့်မည့် စနစ်တစ်ခုလည်း တပ်ဆင်ထားကြောင်း ရှင်းပြခဲ့ပါသည်။

### ၄။ ရှေ့လုပ်ငန်းစဉ်များ

CAO၏ ဆန်းစစ်ချက် လုပ်ငန်းစဉ်အတွင်း တိုင်ကြားသူများနှင့် ကုမ္ပဏီတို့မှ တိုင်ကြားချက်တွင်ပါဝင်သည့် ပြဿနာများကို CAO၏ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ စီစဉ်ကျင်းပပေးမည့် မိမိတို့သဘောဆန္ဒအလျောက် ပါဝင်မည့် ဆွေးနွေးမှု လုပ်ငန်းစဉ်မှတဆင့် ဖြေရှင်းရေးတွင် စိတ်ပါဝင်စားကြောင်း ပြောကြားခဲ့ကြပါသည်။

CAOသည် ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်ရန်၊ အခြေခံ စည်းမျဉ်းများကို သဘောတူရန်နှင့် ပူးပေါင်းဆောင်ရွက်သည့် ပုံစံဖြင့် တိုင်ကြားချက်တွင် ပါဝင်သလို၊ ဤဆန်းစစ်ချက် အစီရင်ခံစာတွင် အနှစ်ချုပ်ဖော်ပြထားသည့် ပြဿနာများကို ကြိုးစား၍ ဖြေရှင်းချက်တစ်ခုရအောင် ဆောင်ရွက်ရာတွင် အတူလက်တွဲ လုပ်ဆောင်သွားရန် အပါအဝင် ထိုလုပ်ငန်းစဉ်ကို ပံ့ပိုးကူညီပေးပါမည်။

## နောက်ဆက်တွဲ (က)။ CAO တိုင်ကြားချက် ကိုင်တွယ်သည့် လုပ်ငန်းစဉ်

CAOမှ တိုင်ကြားချက်တစ်ခုကို အကျုံးဝင်သည်ဟု ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် ကနဦး ဆန်းစစ်ချက်ကို CAO၏ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ လုပ်ဆောင်ရပါသည်။ CAO ဆန်းစစ်ချက်၏ ရည်ရွယ်ချက်မှာ (၁)တိုင်ကြားသူများမှ ပြောလာသည့် ပြဿနာများနှင့် စိုးရိမ်မှုများကို ရှင်းရှင်းလင်းလင်း သိရှိရန်၊ (၂) အခြားအကျိုးသက်ဆိုင်သူများမှ အခြေအနေအား မည်သို့ မြင်ကြောင်း အချက်အလက်များ စုစည်းရန်၊ (၃) အကျိုးသက်ဆိုင်သူများမှ ၎င်းတို့ရရှိနိုင်သည့် ဖြေရှင်းရန် နည်းလမ်းများကို နားလည်သိရှိစေရန်နှင့် CAO၏ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှတဆင့် ပူးပေါင်းဆောင်ရွက်သည့် အဖြေတစ်ခုကို ရယူလိုစိတ်ရှိ/ မရှိနှင့် CAO၏ စည်းကမ်းလိုက်နာမှုဆိုင်ရာအဖွဲ့မှ ပြန်လည် သုံးသပ်သင့်/မသင့် ဆုံးဖြတ်ရန် ဖြစ်ပါသည်။

CAO၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များ [2] နှင့်အညီ လက်ခံရရှိသော တိုင်ကြားချက်ကို တုန့်ပြန်သည့်အနေဖြင့် အောက်ပါအဆင့်များကို ပုံမှန်အားဖြင့် လိုက်နာ ဆောင်ရွက်လေ့ရှိပါသည် -

အဆင့် ၁။ တိုင်ကြားချက်ကို လက်ခံရရှိကြောင်း **အသိအမှတ်ပြုခြင်း**

အဆင့် ၂။ **အကျုံးဝင်မှု၊** တိုင်ကြားချက်သည် ဆန်းစစ်ချက်ဆောင်ရွက်ရန် အကျုံးဝင်မှု ရှိ/ မရှိကို CAO ၏ တာဝန်အရ ဆုံးဖြတ်ခြင်း (ရုံးဖွင့်ရက် ၁၅ ရက်ထက် ပိုမကြာရ)

အဆင့် ၃။ **CAOဆန်းစစ်ချက်** - ပြဿနာများကို ဆန်းစစ်ခြင်းနှင့် အကျိုးသက်ဆိုင်သူများ နားလည်သဘောပေါက်စေရန် ကူညီပေးခြင်းနှင့် ဆက်လက်၍ နှစ်ဘက်သဘောတူ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို CAO ၏ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ စီစဉ်ပေးသော ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းစဉ်မှတဆင့် နှစ်ဘက်သဘောတူလက်ခံသော အဖြေတစ်ခု ရရှိရေးအတွက် ဆောင်ရွက်လို၊မလို သို့မဟုတ် IFC/MIGA တို့၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကြိုတင်ကာကွယ်လုပ်ဆောင်ရမည့် အချက်များနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ရန် ဤအမှုကို CAO၏ စည်းကမ်း လိုက်နာရေးအဖွဲ့မှ ကိုင်တွယ်သင့်၊ မသင့်ကို ဆုံးဖြတ်ရာတွင် ကူညီပေးခြင်း။ ဆန်းစစ်ချက်ကာလသည် ရုံးဖွင့်ရက်ပေါင်း ၁၂၀ အထိ အများဆုံး ကြာနိုင်ပါသည်။

အဆင့် ၄။ **ဖြေရှင်းချက်ရရှိအောင် ပံ့ပိုးကူညီပေးခြင်း။** အကယ်၍ နှစ်ဘက်မှနေ၍ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်ရန် ရွေးချယ်ပါက CAO၏ အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်ကို စတင် ဆောင်ရွက်ပါသည်။ အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်သည် ပုံမှန်အားဖြင့် နားလည်မှု စာချွန်လွှာ သို့မဟုတ် အပြန်အလှန် သဘောတူထားသည့် အခြေခံ စည်းမျဉ်းများအပေါ် အခြေခံ သို့မဟုတ် စတင်ပြီး ဆောင်ရွက်ပါသည်။ ဖြေရှင်းချက် သဘောတူညီမှုတစ်ခု သို့မဟုတ် အပြန်အလှန် သဘောတူထားသည့်၊ သင့်တော်လျော်ကန်သော ရည်မှန်းချက်များသို့ ဦးတည်သွားသော ပံ့ပိုးကူညီပေးခြင်း/ ကြားဝင်ဖြန်ဖြေပေးခြင်း၊ နှစ်ဘက်ပူးတွဲ၍ အချက်အလက်များ ရှာဖွေခြင်းနှင့် အခြား သဘောတူထားသည့် အငြင်းပွားမှု ဖြေရှင်းရေး နည်းလမ်းများ ပါဝင်နိုင်ပါသည်။ ဤသို့သော ပြဿနာ ဖြေရှင်းသည့် ချဉ်းကပ်မှုနည်းလမ်းများ၏ အဓိက ရည်ရွယ်ချက်မှာ တိုင်ကြားချက်တွင် ပါဝင်သော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ဆန်းစစ်ချက်ကာလအတွင်း သို့မဟုတ် အငြင်းပွားမှု ဖြေရှင်းသည့် လုပ်ငန်းစဉ်အတွင်း ပေါ်ထွက်လာသည့် တိုင်ကြားချက်နှင့် ဆက်စပ်နေသည့်

---

[2] CAO၏ အခန်းကဏ္ဍနှင့် လုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိလိုပါက၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက် အပြည့်အစုံကို လေ့လာဖတ်ရှုပါရန်။ http://www.caoombudsman.org/documents/CAOOperationalGuidelines_2013.pdf

အခြားသော အရေးကြီး ပြဿနာများကို ထိခိုက်နစ်နာသော နစ်ဘက်လုံးမှ လက်ခံနိုင်သည့်နည်းဖြင့် ဖြေရှင်းရန်ဖြစ်ပြီး၊

သို့မဟုတ်

**စည်းကမ်းလိုက်နာမှု အကဲဖြတ်သုံးသပ်ခြင်း/ စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်း။** အကယ်၍ နစ်ဘက်လုံးမှ စည်းကမ်းလိုက်နာမှု လုပ်ငန်းစဉ်ကို ရွေးချယ်ပါက CAO ၏ စည်းကမ်းလိုက်နာရေးအဖွဲ့သည် စီမံကိန်းနှင့် စပ်လျဉ်း၍ IFC/MIGA စံနှုန်းများနှင့် ပတ်သက်၍ လိုက်နာမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို လုပ်ဆောင်သင့်၊မသင့် ဆုံးဖြတ်ရန်အတွက် စီမံကိန်းသည် IFC/MIGAတို့၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကြိုတင်ကာကွယ် ဆောင်ရွက်ချက်များအပေါ် လိုက်နာဆောင်ရွက်မှုကို အကဲဖြတ်သုံးသပ်သည့် လုပ်ငန်းစဉ် တစ်ရပ်ကို စတင်ရပါမည်။ ထိုသို့ အကဲဖြတ်သုံးသပ်ချက်ကာလသည် အလုပ်လုပ်ရက် ၄၅ ရက်အထိ အများဆုံး ကြာနိုင်ပါသည်။ အကယ်၍ စုံစမ်းစစ်ဆေးမှု တစ်ခုကို လုပ်ဆောင်ရန် လိုအပ်သည်ဟု တွေ့ရှိပါက CAO၏ စည်းကမ်းလိုက်နာရေးအဖွဲ့သည် IFC/MIGAတို့၏ စံနှုန်းများနှင့် ပတ်သက်၍ ထဲထဲဝင်ဝင်ဝင် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ဆောင်ရွက်ပါမည်။ တွေ့ရှိထားသော စည်းကမ်းမလိုက်နာမှုများကို စုံစမ်းစစ်ဆေးမှု တွေ့ရှိချက် အစီရင်ခံစာတစ်စောင်နှင့်အတူ အများပြည်သူသိရှိအောင် IFC/MIGAတို့၏ တုန့်ပြန်မှုများနှင့်တွဲ၍ ထုတ်ပြန်ပေးသွားပါမည်။

အဆင့် ၅။ **စောင့်ကြည့်လေ့လာခြင်းနှင့် နောက်ဆက်တွဲ ဆောင်ရွက်ခြင်း။**

အဆင့် ၆။ **နိဂုံးချုပ်ခြင်းနှင့် အမှုပိတ်ခြင်း။**